ဒုတိယအိမ် နိုင်ငံတကာစာပေဆက်ဆံရေးအင်အားစု

P.O Box 201 Rochester, NY 14580------Ph: 585-957-6452----Fax: 585-671-4707

နိုင်ငံတကာဆက်ဆံရေးဘာသာရပ်ထဲက သင်ခန်းစာတွေကိုကျနော်တို့စတင်မိတ်ဆက်သွားပါမယ်။
အကြောင်းအမျိုးမျိုးကြောင့်စာသင်ကျောင်းတွေဆီကိုပြန်မသွားနိုင်ကြတဲ့၊ စာအုပ်တွေကိုဝယ်မဖတ်နိုင်တဲ့၊နိုင်ငံအသီးသီးက ကျောင်းသူ၊ကျောင်းသားတွေအတွက် ရည်ရွယ်ခဲ့ပါတယ်။ အမေရိကန်စာသင်ကျောင်းတွေမှာ နီယိုလစ်ဘရယ်စာသင်ကျောင်းတွေ၊ နီယိုကွန်ဆာဗေးတစ်တွေရဲ့စာသင်ကျောင်းတွေဆိုပြီးကွဲပြားခြားနားစွာရှိပါတယ်။
ကျနော်တို့က ကျောင်းနှစ်ကျောင်းလုံးကအမြင်တွေကို ရောမွှေသွားမယ်။
ပြီးရင်ကျနော့်တို့ရဲ့အမြင်တွေကိုတင်ပြမယ်။ နောက်-မိတ်ဆွေတွေရဲ့အမြင်တွေ၊ တုံ့ပြန်မှုတွေကိုလည်းကြားချင်ပါတယ်။

---

## နိုင်ငံရေးအမြင်များကို ဆီလျော်အောင်တည်ဆောက်ခြင်း

စဉ်းစားချက် (၃) ခုကိုတင်ပြပေးရင်း၊ နိုင်ငံရေးသမားတွေမှာရှိထားရမဲ့ ပြည်တွင်းမူဝါဒကိုဆီလျော်အောင်ဆောက်တည်မှု ( Domestic Policy Orientation) နဲ့ နိုင်ငံခြားရေးရာမူဝါဒကိုဆီလျော်အောင်ဆောက်တည်ထားမှု ( Foreign Policy Orientation) ကိုဆွေးနွေးချင်ပါတယ်။

အမေရိကန်ပြည်ထောင်စုက ဒီမိုကရက်တစ်ပါတီနဲ့ ရီပတ်ပလင်ကန်ပါတီမူဝါဒတွေကိုလေ့လာတဲ့အခါ၊ပြည်တွင်းမူဝါဒရေးရာတွေမှာသိသိသာသာကွဲတယ်။
ဉပမာ- ရီပတ်ပလင်ကန်တွေဟာ လူချမ်းသာကြေးရေတတ်လူတန်းစားတွေအကျိုးအတွက်သာကြည့်တယ်၊
ဒီမိုကရက်တစ်တွေက မပြည့်စုံတဲ့လူတန်းစားတွေအတွက်ပိုကောင်းတယ် လို့လူတော်တော်များများကယူဆကြတယ်။
အခွန်အကောက်ငွေရေးကြေးရေးအပေါ်မှာသုံးစွဲမဲ့ဘတ်ဂျက်တွေ၊ ကျန်းမာရေးအာမခံမှုအပေါ်သုံးစွဲမဲ့အစီအစဉ်တွေအပေါ်မှာပါတီနှစ်ခုရဲ့ သဘောထားကွဲမှုကိုအထင်အရှားတွေ့ရပေမဲ့ နိုင်ငံခြားရေးရာမူဝါဒတွေ၊ လုံခြုံရေးဆိုင်ရာမူဝါဒတွေအပေါ်မှာတော့ သဘောထားတူနေကြတာကိုတွေ့နိုင်ပါလိမ့်မယ်။
လွန်ခဲ့တဲ့ (၂) ရက်လောက်က ဆီးနိတ်မှာ ဆွေးနွေးခဲ့တဲ့ Bill တခုကိုကြည့်ပါ။
လောဒ်ဟီမာတင်နဲ့ကာကွယ်ရေးဌာနကကြံစည်တီထွင်ထားခဲ့တဲ့ F.22 Raptor တိုက်လေယာဉ်တွေကိုဆက်လက်ထုတ်ဖို့ဆွေးနွေးကြတဲ့အခါ၊
(၅၂)မဲ (၄၀) မဲနဲ့အဖြေထွက်ခဲ့တယ်။

ကွန်ဆာဗေးတစ်ခေါင်းဆောင်တချို့က F22 Raptor တိုက်လေယာဉ်တွေကိုဆက်လက်တိုးချဲ့ဖို့ဆန္ဒရှိပေမဲ့ ဘရက်အိုဘား၊ ဂျွန်မကိန်း၊ ရောဘတ်ဂိတ် တို့ကသဘောမတူဘူး။ သူတို့က ဘရက်အိုဘားမား ဆန္ဒရှိတဲ့ F35 တိုက်လေယာဉ်တွေကိုသာထုတ်လုပ်ဖို့စိတ်ကူးရှိနေသူတွေဖြစ်တယ်။
F.22 Raptor တိုက်လေယာဉ်ဆိုတာ ရန်သူရဲ့လေကြောင်းကိုလက်ဦးမှုယူတိုက်ခိုက်ခြေမှုန်းတဲ့အခါ အင်မတန်မြန်ဆန်ထိရောက်တဲ့ ရေဒါကဖမ်းလို့မလွယ်ကူတဲ့ အမေရိကန်ထုတ်တိုက်လေယဉ်တွေဖြစ်တယ်။ အသံတိတ်ရောက်လာတဲ့လင်းယုန်ငှက်တွေအဖြစ်လူသိများတယ်။
အမေရိကန်ပြည်ထောင်စုက နိုင်ငံတနိုင်ငံကိုစစ်ဖြစ်တော့မယ်ဆိုရင် အဲ့ဒီ F.22 တိုက်လေယာဉ်တွေဟာပထမဦးဆုံးထွက်ခွာသွားလေ့ရှိတယ်။
အခင်းအကျင်းတွေကိုသေသေချာချာချလေ့ရှိတယ်။လောလောဆယ်၊တရုတ်နဲ့ရုရှားကထုတ်လုပ်ဖို့ကြိုးစားနေတဲ့ စစ်သုံးတိုက်လေယာဉ်တွေဖြစ်တယ်။

F.35 တိုက်လေယာဉ်ဆိုတာ F.22 တိုက်လေယာဉ်ထက်ပိုပြီးအင်အားကြီးမားထိရောက်တဲ့တိုက်လေယာဉ်တွေဖြစ်တယ်။
F.35 တိုက်လေယာဉ်ဟာ ကောင်းကင်လေကြောင်းတိုက်ပွဲကိုဆင်နွှဲမယ်ဆိုရင် F.22 တိုက်လေယာဉ်ထက် (၄) ဆကျော်စွမ်းရည်ကောင်းတယ်။ ထိရောက်တယ်။
ရွေ့ပြောင်းနေတဲ့ပစ်မှတ်တွေကိုတိုက်ခိုက်တဲ့နေရာမှာလည်း F.22 ထက် (၈) ကျော်အစွမ်းထက်တယ် လို့ဆိုတယ်။ စစ်ပွဲစတင်တော့တဲ့အခါ၊ ရန်သူရဲ့လေကြောင်းကို တိုက်ခိုက်လွှမ်းမိုးထားနိုင်တဲ့စွမ်းရည် ကလည်း F.22 ထက်(၃) ဆကျော်ရှိတယ်။ ကုန်ကျစရိတ်ဟာ တိုက်လေယာဉ်တစင်းအတွက်၊သရုပ်ပြပုံသန်းမှုအဆင့်မှာတောင် (၁၉) ဘီလျံကုန်ကျမယ်လို့ဆိုတယ်။ လော့ဟိမာတင်ကုမ္ပဏီ က ဘိုးအင်းကုမ္ပဏီအပေါ်မှာအနိုင်ရခဲ့တဲ့ တိုက်ခိုက်ရေးလေယာဉ်ထုတ်လုပ်မှုစာချုပ်၊ စုစုပေါင်း အမေရိကန်ဒေါ်လာ ( ၂၀၀) ဘီလျံဘိုးဖြစ်တယ်။ ကုမ္ပဏီက ဝန်ထမ်းစုစုပေါင်း (၉၀၀၀)ကျော်လောက်ကိုအလုပ်ပေးနိုင်လိမ့်မယ်။

ဆိုတော့ -အမေရိကန်ပြည်ထောင်စုရဲ့လုံခြုံရေးအတွက်၊ အနာဂတ်စစ်အင်အားချဲ့ထွင်မှုအတွက် ဘရက်အိုမားနဲ့ သမ္မတရွေးကောက်ပွဲတုံးကပြိုင်ဘက်ဖြစ်ခဲ့တဲ့ ဂျွန်မကိန်းတို့ရဲ့အယူအဆဟာသွားတူနေတာကိုတွေ့ရတယ်။ ဒီအချက်ဟာ ဘာကိုပြသလဲဆိုရင်- လူမှုဖူလုံရေးလုပ်ငန်းတွေ၊ ကျန်းမာရေးလုပ်ငန်းတွေကို ဦးစားပေးဆောင်ရွက်ချင်တဲ့၊ ဒီမိုကရက်တစ်ခေါင်းဆောင်တွေဟာ နိုင်ငံခြားရေးရာမူဝါဒတွေ၊ နိုင်ငံတော်လုံခြုံရေးကိစ္စတွေမှာတော့၊ နီယိုကွန်ဆာဗေးတစ်တွေနဲ့ အမြင်တူနေတာကိုတွေ့ရမယ်။ ပြည်တွင်းရေးရာမူဝါဒတွေမှာ လစ်ဘရယ်ဝါဒီဖြစ်နေသူဟာ နိုင်ငံခြားရေးရာမူဝါဒတွေမှာတော့နီယိုကွန်ဆာဗေးတစ်တွေဖြစ်နေတတ်ပြန်တယ်။
ဂျွန်အက်ကနေဒီ ဂို့၁၉၆၀ ကာလ ကွန်မြူနစ်ချဲ့ထွင်မှုကိုတားဆီးတဲ့နိုင်ငံခြားရေးရာအမြင် နဲ့ ပြည်တွင်းလစ်ဘရယ်အမြင်တွေကိုလေ့လာကြည့်ရင်

အထက်ပါအချက်ကိုတွေ့ရပါမယ်။ ဘရက်အိုဘားမားရဲ့အော်ကိုင်းဒါးအကြမ်းဖက်သမားတွေအပေါ်ထားရှိတည်ဆောက်ထားတဲ့အမြင်၊အမေရိကန်ပြည်ထောင်စုရဲ့
ကာကွယ်ရေးမူဝါဒတွေအပေါ်မှာရပ်တည်ဆောက်လုပ်ထားတဲ့အမြင်တွေဟာကွန်ဆာဗေးတစ်ခေါင်းဆောင် ဂျွန်မကိန်း တို့အုပ်စုနဲ့အယူအဆသိတ်ပြီးမကွဲလှဘူး။
စဉ်းစားချက်တွေကိုဆက်လေ့လာကြည့်ရအောင်ပါ။







F 22 Raptor

F.35 Joint Strikers

## စဉ်းစားချက် (၁)

၁၉၉၁ ပင်လယ်ကွေ့စစ်ပွဲဟာ အမေရိကန်သမ္မတဂျော့ဘုရှ် ( ဆီနီယာ)အပေါ်အမေရိကန်ပြည်သူလူထုရဲ့လူကြိုက်များမှုကိုရရှိခဲ့တယ်။
လူထုထောက်ခံမှုက အံ့မခန်းအောင်မြင့်မားခဲ့တယ်။ဒါပေမဲ့-ပြည်တွင်းစီးပွားရေးအခြေအနေကကောင်းမွန်လာမှုမရှိခဲ့တာကြောင့်၊နောက်တကြိမ်သမ္မတရွေးကောက်ပွဲမှာ
ဂျော့ဘုရှ် ကို ချစ်မြတ်နိုးပေမဲ့၊ အမေရိကန်ပြည်သူတွေကဒီမိုကရက်တစ်ပါတီကိုယ်စားလှယ် ဘီကလင်တန်ကိုရွေးချယ်ခဲ့တယ်။
ဘီလ်ကလင်တန်ရဲ့လက်ထက်မှာ ပြည်တွင်းစီးပွားရေးဟာသိသိသာသာဦးမော့လာခဲ့ပေမဲ့ ဒုတိယသက်တမ်းမှာ ပြည်တွင်းမူဝါဒတွေကို
ဦးစားပေးလုပ်ကိုင်နေတဲ့ ဘီလ်ကလင်တန်ရဲ့အစိုးရဟာ ကွန်ကရက်နဲ့ဆီးနိတ်မှာ ရီပတ်ပလင်ကန်တွေရဲ့အာခံငြင်းဆန်တားဆီးမှုတွေကိုကြုံတွေ့လိုက်ရတော့တယ်။
ရီပတ်ပလင်ကန်တွေရဲ့အမြင်မှာတော့ ဘီလ်ကလင်တန်ရဲ့နိုင်ငံခြားရေးမူဝါဒတွေဟာ ပျော့ပြောင်းလွန်းတယ်။ နေရာတကာမှာ-ဒစ်ပလိုမေစီဆန်တဲ့ဆက်ဆံမှုတွေဟာ
အကြမ်းဖက်သမားတွေ၊ စီးပွားရေးပြိုင်ဘက်အင်အားကြီးနိုင်ငံတွေအတွက်နေရာဖွင့်ပေးသလိုမျိုးဖြစ်နေတယ်လို့စောတကတက်ကြတယ်။
ဒုတိယသက်တမ်းကာလ ( ၁၉၉၄-၁၉၉၈) မှာတော့ ဆီးနိတ်နဲ့ကွန်ဂယက်မှာ ရီပတ်ပလင်ကန်တွေက သူတို့ရဲ့အင်အားကိုလွှမ်းမိုးစေမဲ့အရာမှန်သမျှကို
မိတ်ဖွဲ့ပေါင်းစည်းကြတယ်။ အမေရိကန်သမ္မတဘီလ်ကလင်တန်အတွက်အခက်တွေ့နေပြီ၊ ဘာပဲလုပ်လုပ်အခက်အခဲတွေရင်ဆိုင်နေခဲ့ရတယ်။
တဘက်မှာတော့ ဟီလာရီကလင်တန်ရဲ့ ကျမ်းမာရေးစောင့်ရှောက်မှုမူဝါဒတွေကလည်းမအောင်မြင်မှုတွေနဲ့ရင်ဆိုင်နေခဲ့ရသလို၊
မော်နီကာလူဝင်းစကီးရဲ့အရှုပ်တော်ပုံတွေကလည်း ရီပတ်ပလင်ကန်တွေအတွက်တိုက်ခိုက်စရာအကွက်တွေလိုဖြစ်ခဲ့တယ်။

တချိန်တည်းမှာပဲ၊ ယီမင်၊တန်ဇိုင်းနီးယား၊ ဆော်ဒီအာရေဗီးယားမှာ အော်ကိုင်းဒါးအကြမ်းဖက်သမားတွေရဲ့တိုက်ခိုက်မှုတွေကိုပြန်လည်တုံ့ပြန်တဲ့အခါ၊ပစ်မှတ်တွေလွဲခဲ့တယ်။
ရန်သူတွေလွတ်မြောက်နေခဲ့တယ်။ အိုစမာဘင်လာဒင်က အမေရိကန်သမ္မတ ဘီလ်ကလင်တန် ကို "အားနည်းပြီးသူရဲဘောကြောင်တဲ့သူ" လို့ ပျက်ရယ်ပြုစော်ကား
လိုက်တယ်။ ၁၉၉၆ မှာ အမေရိကန်တွေအပေါ် ဘာသာရေးစစ်ပွဲအဖြစ်တရားဝင်ကြေငြာခဲ့တယ်။
ဘီလ်ကလင်တန် အတွက် ကစားကွက်တွေပြောင်းရတော့မယ်ဆိုတာ သဘောပေါက်နေခဲ့ရတယ်။
ပြည်တွင်းစီးပွားရေး၊ လူမှုရေးမူဝါဒတွေကို အာရုံစိုက်နေရာကနေ၊ နိုင်ငံတကာရေးရာအခင်းအကျင်းတွေဆီကိုဦးလှည့်ခဲ့တယ်။
အယ်ဘေးနီးယားပြည်သူတွေအပေါ်လူမျိုးရေးသုတ်သင်ရှင်းလင်းမှုပြုလုပ်နေတဲ့ ဆလိုဗိုဒန်မီလိုဆီဗစ်ရဲ့စစ်မီးတောက်တွေဆီကိုဝင်တားဆီးဖို့ဆုံးဖြတ်လိုက်တယ်။
ကိုဆိုဗို ကို ဝင်ရောက်ဗုံးကြဲချလိုက်တယ်။






## စဉ်းစားချက် (၂)

တရုတ်ပြည်ကတီယင်မင်ရင်ပြင်ကျောင်းသားလှုပ်ရှားမှုဖြစ်ပွားပြီးတဲ့နောက် အမေရိကန်ပြည်ထောင်စုရဲ့သမ္မတ ဂျော့ဘုရှ် က တရားဝင်ပြစ်တင်ရှုတ်ချပြီး စီးပွားရေးပိတ်ဆို့မှုတွေကိုလုပ်ဖို့ကြိုးစားခဲ့တယ်။ ဒါပေမဲ့ တကယ်တမ်းနောက်ကွယ်မှာဖြစ်ခဲ့တဲ့အဖြစ်အပျက်က အဲ့သလိုမဟုတ်ဘူး။
ဂျော့ဘုရှ် အစိုးရအဖွဲ့ရဲ့ထိပ်တန်းခေါင်းဆောင်တွေဖြစ်ကြတဲ့ နိုင်ငံခြားရေးဝန်ကြီးဂျိမ်းဘေကာအပါအဝင် နိုင်ငံခြားရေးရာမူဝါဒကျွမ်းကျင်သူတွေက တရုတ်ပြည်နိုင်ငံရေးခေါင်းဆောင်တွေနဲ့ ပီကင်းမြို့မှာလျှို့ဝှက်တွေ့တယ်။ အပေးအယူတွေညှိနှိုင်းကြတယ်။
အမေရိကန်သမ္မတ ဘီလ်ကလင်တန်လက်ထက်မှာတော့ တရုတ်ပြည်ကိုတရားဝင်သွားရောက်လည်ပတ်ခဲ့တယ်။
ဈေးကွက်စီးပွားရေးလုပ်ငန်းတွေကိုတိုးမြှင့်လုပ်ကိုင်ခဲ့တယ်။ ဘီလ်ကလင်တန်အစိုးရက တရုတ်ပြည်မှာစီးပွားရေးတိုးတက်လာရင် ဒီမိုကရေစီမြှင့်တင်ရေးလည်းပိုမိုအခွင့်အရေးရလာနိုင်ကောင်းရဲ့လို့ယူဆခဲ့တယ်။သူတို့အယူအဆမမှန်ခဲ့ဘူးဆိုတာ ဆယ်စုနှစ်တစုကျော်ကသက်သေခံခဲ့တယ်။ ဒါပေမဲ့ ဒီမိုကရက်တစ်တွေရဲ့ ပထဝီဝင်နိုင်ငံရေးအပေါ်ကစားမဲ့ပွဲသစ်တခုက အခုပြန်ရောက်လာပြီ။ အာရှဒေသမှာအမေရိကန်တွေပြန်လာနေပြီလို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟီလာရီကလင်တန်ကကြွေးကြော်လိုက်တယ်။

အာရှဒေသကိုပြန်လာမဲ့အမေရိကန်ပြည်ထောင်စုရဲ့အာဂျင်တာတွေထဲမှာ-တရုတ်ပြည်ရဲ့ဒေသဆိုင်ရာလွှမ်းမိုးမှုအပေါ်ကိုင်တွယ်ထိန်းချုပ်တဲ့စဉ်းစားချက်တွေကို ဘယ်လိုစတင်မလဲဆိုတဲ့မေးခွန်းဖြစ်တယ်။ ကလင်တန်လက်ထက်တုံးကတွက်ချက်မှုမှားခဲ့တဲ့အရာတွေကိုကြိုတင်မျှော်လင့်ထားပြီး၊ ဒီမိုကရေစီလှုပ်ရှားမှုတွေဖြစ်ပေါ်နေတဲ့နိုင်ငံတွေ( ဗမာပြည်၊ တိဘက်၊ အပါအဝင်)အပေါ်တိတိကျကျမူဝါဒတွေချမလား၊လက်တွေ့လုပ်မလား၊ (ဒါမှမဟုတ်) "ရှည့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာ"ဆိုတဲ့ ဒီမိုကရေစီရေးလှုပ်ရှားမှုတွေကိုလည်း ဟန်မပျက်ထောက်ခံသွားမယ်။ တရုတ်ရဲ့ဈေးကွက်ဖြန့်ကျက်မှုကိုတားဆီးတဲ့အနေနဲ့အာရှဒေသမှာ အမေရိကန်တွေရဲ့နိုင်ငံရေးလွှမ်းမိုးမှုကိုစတင်ဖေါ်ဆောင်သွားမဲ့နည်းဗျူဟာကိုသုံးမလား။ တဘက်မှာတော့ ၊ နိုင်ငံတကာက မူဝါဒရေးရာတွေပြောင်းလဲတယ်ဆိုတာကာယကံရှင်နိုင်ငံတွေကဒီမိုကရေစီလှုပ်ရှားသူတွေရဲ့အားကောင်းမှု၊ အားနည်းမှုနဲ့သာဆိုင်တယ်လို့ထောက်ပြကြတယ်။ တီယင်မင်လှုပ်ရှားမှုကိုတရုတ်ကျောင်းသားတွေက ဆက်လက်အရှိန်အဟုန်မမြှင့်နိုင်တဲ့အခါ၊ ဘီလ်ကလင်တန်က ပီကင်းကိုတရားဝင်သွားလည်ခဲ့တယ်။
ကျနော်တို့ဗမာပြည်ဒီမိုကရေစီရေးလှုပ်ရှားမှုကရော-ဘယ်အဆင့်မှာရောက်နေပြီး၊ ဘယ်လိုအရှိန်အဟုတ်မြှင့်ကြမလဲဆိုတဲ့မေးခွန်းက ပေါ်လစီတွေရဲ့အပြောင်းအလဲသတ်မှတ်မှုမျဉ်းဖြစ်လိမ့်မယ်လို့ထင်မိရဲ့။

  

ဂျိန်ဘေကာ ( ဘုရှ်အစိုးရအဖွဲ့ရဲ့နိုင်ငံခြားရေးဝန်ကြီးဖြစ်ခဲ့ပြီးအမေရိကန်နိုင်ငံရေးမှာဩဇာကြီးမားသူ)

## စဉ်းစားချက် (၃)

အမေရိကန်ပြည်ထောင်စုမှာ-၂၀၀၁ စက်တင်ဘာ (၁၁) ရက်တိုက်ခိုက်မှုကိုဦးဆောင်ခဲ့တဲ့အော်ကိုင်းဒါးအကြမ်းဖက်သမားခေါင်းဆောင်ဘင်လာဒင်ဟာ အမေရိကန်ပြည်ထောင်စုနဲ့နိုင်ငံတကာအသိုင်းအဝိုင်းက အာဖကန်နစ္စတန်ကိုစစ်ကြေငြာပြီးဝင်ရောက်တိုက်ခိုက်သိမ်းပိုက်လိုက်ပြီးတဲ့နောက်- အာဖကန်နစ္စတန်-ပါကစ္စတန်နယ်စပ်က တာလီဘန်းတွေရဲ့အမာခံတပ်စွဲထားရာတောင်ကုန်းတခုဆီမှာခြေရာဖျောက်ဖို့ကြိုးစားခဲ့တယ်။ အမေရိကန်ထောက်လှမ်းရေးကွန်ယက်က ဘင်လာဒင်ဖြတ်ပြေးမဲ့လမ်းကြောင်းကိုသိနေတယ်လို့ဆိုတယ်။

ပြဿနာက-အဲ့ဒီလမ်းကြောင်းကိုဖြတ်တိုက်ဖို့၊ တာလီဘန်းတွေရဲ့အမာခံတပ်စွဲထားတဲ့တောင်ကုန်းကိုတိုက်ဖို့ဆိုတာ ပါကစ္စတန်ဘက်ကကူညီပေးမှုဖြစ်မယ်။ ပြင်သစ်တွေ ဗီယက်နမ်ကွန်မြူနစ်တွေကိုစစ်ရှုံးခဲ့တဲ့ ဒင်ဘင်ဖူးတိုက်ပွဲကသတိပေးနေခဲ့တယ်။ ဘုရှ်အစိုးရလက်ထက်မှာ-အဲ့ဒီကိစ္စကိုညှိကြတယ်အခါ၊ ပါကစ္စတန်ရဲ့ခေါင်းဆောင်မှုရာရက်ကသိတ်ပြီးသဘောတူခဲ့ပုံမရဘူး။ ဘုရှ်အစိုးရအဖွဲ့ကလည်း ပါကစ္စတန်ထဲကနေ တာလီဘန်းတွေကိုဝင်တိုက်ဖို့ သဘောထားရှိခဲ့ပုံမရဘူး။
နီယိုကွန်ဆာဗေးတစ်တွေရဲ့အားကောင်းချက်က မိတ်ဆွေတွေအပေါ်မှာချည်နှောင်ထားတဲ့ကြိုးတွေကိုမြဲချင်နေခဲ့တယ်။
ဒါပေမဲ့ လက်ရှိအမေရိကန်သမ္မတ ဘရက်အိုဘားမားလက်ထက်မှာတော့ နည်းဗျူဟာတွေပြောင်းလဲသွားခဲ့တယ်။
အော်ကိုင်းဒါးအကြမ်းဖက်သမားတွေကိုခြေမှုန်းဖို့အတွက်ပါကစ္စတန်ရဲ့မြေပေါ်ကိုကျရောက်နေတဲ့အမြောက်သံတွေ၊ လေကြောင်းကတိုက်ခိုက်မှုတွေဟာ

အမေရိကန်ပြည်ထောင်စုဆီကလာတာလို့ပါကစ္စတန်အစိုးရကသံသယရှိနေခဲ့တယ်။ ဒီလိုပုံးကြဲနေမှုတွေဟာ တန်ပြန်တုံ့ပြန်မှုတွေပေါ်ပေါက်လာစေတဲ့အကြောင်းရင်းတွေဖြစ်တယ်လို့ ပါကစ္စတန်ခေါင်းဆောင်တွေကဆက်လက်သတိပေးနေတယ်။ဘရက်အိုဘားမားရဲ့အယူအဆကလည်း အာဖကန်စစ်ပွဲဟာ အကြမ်းဖက်သမားတွေကိုတားဆီးမဲ့စစ်ပွဲအတွက်အရေးကြီးတဲ့နေရာတခုဖြစ်တယ်လို့ယုံကြည်ထားတာကြောင့် ဘင်လာဒင်တို့ခိုအောင်းနေတဲ့နေရာတွေ၊ တာလီဘန်တွေရဲ့အမာခံဒေသတွေကိုရတဲ့နည်းနဲ့တိုက်ခိုက်ခြေမှုန်းချင်ပုံရတယ်။ ဒီပလိုမေစီကိုများများသုံးတယ်ဆိုပေမဲ့ အမေရိကန်ပြည်ထောင်စုအတွက်အသက်တမျှအရေးကြီးတယ်လို့ထင်တဲ့နေရာတွေမှာ၊ နိုင်ငံရဲ့ခေါင်းဆောင်တိုင်းဟာ စစ်အင်အားသုံးဖြေရှင်းမှုကို နှစ်သက်လေ့ရှိကြတယ်။

## နိုင်ငံတကာဆက်ဆံရေးမြင်ကွင်းကျယ်နှင့်ကျနော်တို့ရဲ့အနာဂတ်

နိုင်ငံတကာခေါင်းဆောင်တွေရဲ့ ပြည်တွင်းမူဝါဒရေးရာမူဝါဒတွေနဲ့နိုင်ငံခြားရေးရာမူဝါဒတွေကိုမိတ်ဆက်ပေးပြီးတဲ့နောက်မှာ ကျနော်တို့ရဲ့တည်ဆောက်ထားတဲ့အမြင်တွေကိုသေသေချာချာသုံးသပ်ရပါလိမ့်မယ်။
နိုင်ငံတကာဆက်ဆံရေးရဲ့အခြေခံမေးခွန်းတွေဖြစ်တဲ့ ဘယ်သူ က ဘာတွေရသလဲ၊ ဘယ်လိုရအောင်လုပ်မှာလဲ။ ဘာကြောင့်လဲ ( Who gets What, How and Why ?) ဆိုတဲ့မေးခွန်းတွေအတွက်လေးလေးနက်နက်အဖြေရဖို့ကြိုးစားကြည့်သင့်တယ်။
နိုင်ငံတကာဆက်ဆံရေးဆိုတာ နိုင်ငံခြားရေးရာမူဝါဒတွေနဲ့ကွဲပြားခြားနားနေသလိုပိုမိုကျယ်ပြန့်နေပါတယ်။

## အခန်း (၁)

နိုင်ငံတကာဆက်ဆံရေးဆိုတာ "အနိုင်ရသူက အားလုံးကိုသိမ်းယူသွားခြင်းလား (ဒါမှမဟုတ်) နှစ်ဦးနှစ်ဘက် အကျိုးဖြစ်စေတဲ့ပိုင်ဆိုင်မှုတွေလား

ဒီသင်ခန်းစာကိုမဆွေးနွေးခင်အခြေခံကျတဲ့မေးခွန်းတွေကိုကြိုတင်စဉ်းစားထားစေချင်ပါတယ်။

(၁) နိုင်ငံတကာဆက်ဆံရေးဆိုတာ နိုင်ငံခြားရေးရာမူဝါဒတွေနဲ့ဘယ်လိုကွာခြားပါသလဲ။

(၂) နိုင်ငံတကာဆက်ဆံရေးနယ်ပယ်မှာ ဘယ်သူတွေ၊ ဘယ်အရာတွေက အဓိကဇာတ်ဆောင်ဖြစ်သလဲ။
ကစားစရာနယ်ပယ်ကဘယ်မှာရှိနေသလဲ၊ ဘယ်အရာတွေလဲ။

(၃) ခင်ဗျားကရော-ဘယ်လိုမှန်ပြောင်းနဲ့-နိုင်ငံတကာဆက်ဆံရေးနယ်ပယ်ကိုကြည့်ရှုမလဲ။
ဥပမာ- ယျထာဘူတဝါဒ လို့ ခေါ်တဲ့ Realist တွေက အမျိုးသားအကျိုးစီးပွားအတွက် ပါဝါလွန်ဆွဲပွဲတွေပေါ်မှာအခြေခံစဉ်းစားမယ်။
စိတ်ကူးဝါဒီ ( Idealist) တွေက ဥပဒေ၊ ကိုယ်ကျင့်သိက္ခာနဲ့ဆိုင်တဲ့အမြင်တွေအပေါ်ကနေ ကမ္ဘာလောကရဲ့အစီအစဉ်တည်ဆောက်ပုံကိုကြည့်မယ်။
တချို့ ( Interdependence) တွေက အခွင့်အရေးတွေနဲ့တွဲဖက်ပါလာတတ်တဲ့ အန္တရာယ်စက်ကွင်းတွေကိုစဉ်းစားကြတယ်။

(၄) အပေးအယူလုပ်မှုဆိုတာဘာလဲ။ အပေးအယူလုပ်မှု အဓိကအမျိုးအစားတွေဟာဘာတွေလဲ။

(၅) ခင်ဗျားတယောက်တည်းသွားမလား။ (ဒါမှမဟုတ်) နိုင်ငံတကာဆက်ဆံရေးနယ်ပယ်မှာအဓိကကစားနေတဲ့လူတွေနဲ့ ပူးပေါင်းဆောင်ရွက်မလား။

(၆) တကယ်လို့ ကစားပွဲကိုကစားနေသူတွေဟာ လွတ်လပ်စွာစီးဆင်းသွားနေကြတယ်ဆိုရင်ဘာတွေဖြစ်လာနိုင်သလဲ။

(၇) နိုင်ငံတကာဆက်ဆံရေး က ကစားမဲ့ ကစားပွဲ ဟာဘယ်လိုပုံစံဖြစ်မလဲ၊ မှန်မှန်ကန်ကန်မကစားနိုင်မှုကြောင့်ပေါ်ပေါက်လာမဲ့ပြဿနာတွေလား
(ဒါမှမဟုတ်) မှန်ကန်တဲ့ပူးပေါင်းဆောင်ရွက်မှုလား။

(၈) ကွဲပြားခြားနားတဲ့အကျိုးစီးပွားမျှော်ကိုးမှုတွေရှိခဲ့ပေမဲ့ နှစ်ဘက်လုံးဆီကို အကျိုးရှိစေမဲ့သဘောတူညီမှုတခုကိုမရောက်နိုင်ဘူးလား။

(၉) အလုပ်ကိစ္စတွေကို တခါးပိတ်ပြောဆွေးနွေးတာနဲ့ အပွင့်ဆွေးနွေးတာ၊ဘယ်အရာကပိုပြီးအမြင်ကျယ်ရာရောက်မယ်ထင်သလဲ။

(၁၀) နိုင်ငံခြားရေးရာမူဝါဒတွေအပေါ်မှာ ဦးဆောင်ညွှန်ကြားနိုင်တဲ့ အခြေခံသဘောတရားတွေရှိပါရဲလား။

အခန်း(၁) ဖြစ်တဲ့ "နိုင်ငံတကာဆက်ဆံရေးဆိုတာ အနိုင်ရသူကအားလုံးကိုသိမ်းယူသွားခြင်းလား ( ဒါမှမဟုတ်) နှစ်ဦးနှစ်ဘက်အကျိုးရှိစေမဲ့ပိုင်ဆိုင်မှုတွေလား" ကိုမစခင် အထက်ပါ မေးခွန်း (၁၀) ခုကိုကြိုတင်ပြင်ဆင်ထားစေချင်ပါတယ်။ နောက်စာစဉ်မှာဆုံကြမယ်။

အောင်မိုးဝင်း

အမေရိကန်ပြည်ထောင်စုမှာစာသင်ကြားနေတဲ့၊ နိုင်ငံရေးသိပ္ပံကျောင်းသားတွေဟာ စီပွားရေး၊ ဘဏ္ဍာရေး၊ဆိုရှယ်လော်ဂျီ၊ ဖီလိုဆော်ဖီတွေအပြင်၊ နိုင်ငံရေးသိပ္ပံဘာသာရပ်ဆိုင်ရာနယ်ပယ်(၅) ခုကိုပြီးဆုံးအောင်လေ့လာရပါတယ်။ အဲ့ဒါတွေက

(၁) အမေရိကန်နိုင်ငံရေး ( American Politics) ၊

(၂) နိုင်ငံရေးအတွေးအခေါ်များ ( Political Philosophy) ၊

(၃) နိုင်ငံတကာဆက်ဆံရေး ( International Relation)

(၄) နိုင်ငံရေးဆိုင်ရာလေ့လာစူးစမ်းမှုနည်းစံနစ်များ ( Political Research Method) ၊

(၅) နိုင်းယှဉ်နိုင်ငံရေးအဖြစ်အပျက်များ ( Comparative Politics ) ဆိုတာတွေဖြစ်တယ်။

ကျနော်တို့အနေနဲ့ နိုင်ငံတကာဆက်ဆံရေးဘာသာရပ်နဲ့ ခေတ်ပြိုင်နိုင်ငံရေးနိူင်းယှဉ်မှုတွေကိုဖောင်းပေးတင်ပြချင်ပါတယ်။